
NS NOVEL
စာစဉ်-၁
NS NOVEL
အဆုံးအစမဲ့ည
夜无疆
ဘာသာပြန်သူ - NS

# အဆုံးအစမဲ့ည

## အခန်း (၁)

## အဆုံးအစမဲ့ည

*

ထိုနေ့၌ နေမင်းကြီး ဝင်ရောက်သွားပြီးနောက် တစ်ဖန် ပြန်လည်ထွက်ပေါ်လာခြင်း မရှိတော့ချေ...

ထာဝရည၌ယံ၌ ကောင်းကင်နှင့် မြေကြီးသည် မှောင်မိုက်နေပြီး အရာခပ်သိမ်းကို ဝါးမျိုပစ်မည့် အဆုံးအစမဲ့ တွင်းနက်ကြီးတစ်ခုနှင့် တူလေသည်။

နေ့လယ်ခင်းဆိုသည်မှာ အတိတ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် ကျန်ရစ်ခဲ့ကာ ဒဏ္ဍာရီတစ်ခုအလား ဖြစ်သွားခဲ့လေပြီ။

ကျယ်ပြောလှသော ရေခဲပြင်ထက်၌ အေးစက်လှသော လေပြင်းများတိုက်ခတ်နေ၏။ နှင်းမုန်တိုင်းများ ကျဆင်းနေပြီး မြေပြင်ပေါ်ရှိ နှင်းထုသည် လူတစ်ဝက်ခန့်အထိ မြင့်မားနေပေသည်။

သစ်နှစ်ပင်ရွာလေးသည် နှင်းထုထဲတွင် တစ်ဝက်ခန့် နစ်မြုပ်နေလေသည်။

ထိုရွာလေးတွင် အိမ်ခြေ လေးငါးဆယ်ခန့်သာ ရှိပြီး အချိန်ကာလ၏ မေ့လျော့ခြင်းကို ခံထားရသည့် ရွာလေးတစ်ရွာနှင့် တူပေသည်။ အမှောင်ထုထဲတွင် အိမ်အမိုးများကို ဝိုးတဝါးသာ မြင်တွေ့ရလေသည်။

ဝူးဝူးမြည်နေသော လေပြင်းများအကြားတွင် အိမ်ခေါင်မိုးများစွာသည် အနည်းငယ် လှုပ်ခါနေပြီး လွင့်ထွက်သွားတော့မည့်အလား ထင်မှတ်ရ၏။

ချင်မင်သည် အလွန် အားနည်းနေပေသည်။ ယခုအချိန်တွင် သူသည် ဆာလောင်မှုကြောင့် နိုးလာခဲ့ပြီး ဗိုက်ထဲမှ တဂွီဂွီမြည်သံများ အဆက်မပြတ် ထွက်ပေါ်နေ၏။ အေးစက်သော ညဥ့်ယံထဲတွင် မည်သည့် အစားအစာကိုမဆို စဉ်းစားမိတိုင်း တံတွေးမြိုချရလောက်အောင် ဖြစ်နေလေသည်။

အငွေ့တထောင်းထောင်း ထနေသော အသားဟင်းများ လတ်ဆတ်သော သစ်သီးများကို မဆိုထားနှင့်။ အေးစက်ပြီး မာကျောနေသော ပေါင်မုန့်ကြမ်း တစ်လုံးကို တွေးမိလျှင်ပင် သူ၏ ပါးစပ်ထဲ၌ ချိုမြိန်သော အရသာများ ယိုဖိတ်လာပြီး တံတွေးများ ထွက်ကျလာလေသည်။

ရာသီဥတုက အလွန်အေးခဲနေပြီး အိမ်တွင်းအိမ်ပြင် နှစ်နေရာစလုံး၌ အသက်ရှူကြပ်လောက်အောင် မှောင်မိုက်နေပေသည်။

ချင်မင်သည် ဟောင်းနွမ်းနေသော စောင်ကို တင်းကျပ်စွာ ခြုံထားလိုက်၏။ မီးဖို၏ အပူရှိန်ကလည်း ပြင်ပမှ အအေးဒဏ်ကို မကာကွယ်နိုင်ပေ။ အေးစက်သော လေကို ရှူရှိုက်လိုက်တိုင်း အဆုတ်ထဲသို့ ရေခဲစများ ဖြတ်ပြေးသွားသကဲ့သို့ စူးရှရှ နာကျင်မှုကို ခံစားရလေသည်။

သူသည် အစားအစာများအကြောင်း ထပ်မတွေးမိစေရန် မိမိကိုယ်ကို ထိန်းချုပ်လိုက်သည်။ သို့မဟုတ်ပါက အစာအိမ်နှင့် ပါးစပ်ထဲမှ အချဉ်ရည်များ အပြင်သို့ ထွက်ကျလာတော့မည် ဖြစ်၏။

စိတ်ခံစားချက်များကို အနည်းငယ် တည်ငြိမ်သွားစေပြီးနောက် သူ၏ ဦးနှောက်က ယခုအခါ အလွန် ကြည်လင်နေကြောင်း ရုတ်တရက် သတိပြုမိသွားသည်။ အရင်ကလို မူးဝေမနေတော့ချေ။ ထူးဆန်းတဲ့ရောဂါကြီး

ပျောက်ကင်းသွားတော့မည်လောဟု သူ တွေးမိလိုက်၏။

ဆာလောင်မှုနှင့် အအေးဒဏ်ကို ခံစားနေရသော်လည်း ကာလရှည်ကြာ မပျောက်ကင်းနိုင်သော ရောဂါကြီးတွင် အပြောင်းအလဲတစ်ခု ဖြစ်ပေါ်လာသောကြောင့် သူ၏ မျက်ဝန်းများတွင် အလင်းရောင်များ တောက်ပလာကာ မှောင်ရီပိုးတဝါးအချိန် ရောက်လာမည့်ကို စောင့်ဆိုင်းနေလေသည်။

အချိန်များ ကုန်လွန်သွားသည်နှင့်အမျှ လေတိုက်ခတ်သံများ တဖြည်းဖြည်း တိတ်ဆိတ်သွား၏။ လွင့်စင်နေသော နှင်းပွင့်ကြီးများသည်လည်း တဖြည်းဖြည်း သေးငယ်သော နှင်းပွင့်လေးများအဖြစ် ပြောင်းလဲသွားလေသည်။

ဘေးအိမ်ဝင်းထဲမှ လှုပ်ရှားသံများ ထွက်ပေါ်လာပြီး စကားပြောသံများကိုပါ ကြားလိုက်ရသည်။ ၎င်းတို့မှာ လူငယ်ဇနီးမောင်နှံ ဖြစ်ကြသော လုဇဲ့နှင့် လျန်ဝမ်ချင်းတို့ ပင်ဖြစ်လေသည်။

"ရှင် ဘယ်သွားမလို့လဲ ချင်မင်ဆီ အစားအစာ သွားပို့ဦးမလို့လား"

လျန်ဝမ်ချင်း၏ အသံက တဖြည်းဖြည်း ကျယ်လောင်လာ၏။

"သူက အဖျားကြီးနေတာ အသက်ကလည်း ဆယ့်ခြောက် ဆယ့်ခုနစ်နှစ်လောက်ပဲ ရှိသေးတယ် တစ်ယောက်တည်း အထီးကျန်နေရတာ သနားစရာကောင်းတယ်"

လုဇဲ့က တိုးညှင်းစွာ ပြောလိုက်သည်။

"အိမ်မှာ စားစရာ သိပ်မကျန်တော့တာကို ရှင်မသိဘူးလား ဒီလိုသာ ဆက်သွားနေရင် ကလေးနှစ်ယောက်ပါ ငတ်တော့မယ်"

လျန်ဝမ်ချင်းက စိတ်လှုပ်ရှားစွာ ပြောလေသည်။

"နှင်းမုန်တိုင်း တိတ်သွားပြီပဲ ဖြေရှင်းဖို့ နည်းလမ်းတစ်ခုခုတော့ ရှိလာ

မှာ"

လုဇ္ဇဲက မှောင်မိုက်နေသော ကောင်းကင်နှင့် မြေကြီးကို ကြည့်ရင်း ပြောလိုက်၏။

ချင်မင်သည် ဇနီးမောင်နှံနှစ်ဦး၏ ငြင်းခုံသံများကို ကြားသောအခါ စိတ်ထဲတွင် အလွန် အားနာသွားမိသည်။ ယခုလို အခြေအနေမျိုးတွင် မိသားစုတိုင်း အခက်အခဲ ရှိနေကြရာ လုဇ္ဇဲ၏ စေတနာကို သူ လက်မခံလိုတော့ချေ။

သူသည် မီးဖိုပေါ်မှ ထလိုက်ပြီး ဂွမ်းတိုက်အင်္ကျီကို ဝတ်ဆင်လိုက်သော်လည်း အအေးဒဏ်ကို ခံစားနေရဆဲပင်။ ထို့ကြောင့် ဗီရိုထဲမှ ဟောင်းနွမ်းနေသော သားရေအင်္ကျီရှည်တစ်ထည်ကို ထုတ်ယူကာ ကိုယ်ပေါ်တွင် လွှမ်းခြုံလိုက်ပြီး မှောင်မိုက်နေသော အခန်းထဲ၌ အဆက်မပြတ် လမ်းလျှောက်ရင်း လက်များကို ပွတ်သပ်နေလေသည်။

ပြင်းထန်စွာ ဖျားနာပြီးနောက် သူ၏ အရပ်ရှည်ရှည် ခန္ဓာကိုယ်သည် ယခုအခါ အနည်းငယ် ပိန်ချုံးနေ၏။ ပခုံးပေါ် ကျနေသော ဆံပင်မည်းများသည်လည်း တောက်ပမှု လျော့ကျနေပြီး ကြည့်ကောင်းသော မျက်နှာလေးသည် အနည်းငယ် ဖြူရော်နေလေသည်။

သို့ရာတွင် ကြည်လင်သော မျက်လုံးအစုံကတော့ အလွန် တောက်ပပြီး အသက်ဝင်နေပေသည်။ သူသည် ဖျားနာနေသည့် ရုပ်သွင်ရှိသော်လည်း ခိုင်မာပြတ်သားသည့် အငွေ့အသက်မျိုး ရှိနေလေသည်။

လွန်ခဲ့သော တစ်လခန့်က သူသည် တောင်ပေါ်မှ ခက်ခက်ခဲခဲ ထွက်ပြေးလွတ်မြောက်လာခဲ့သည်။ ထိုစဉ်က သူ၏ လက်နှင့် ခြေထောက်များမှာ အနည်းငယ် မည်းနက်နေခဲ့ပြီး ယခုအချိန်အထိ ပြင်းထန်စွာ ဖျားနာနေခဲ့ခြင်း ဖြစ်၏။

သူနှင့်အတူ သွားခဲ့ကြသော အဖော်အချို့မှာမူ ပြန်ရောက်လာသည့် နေ့တွင်ပင် သေဆုံးသွားခဲ့ကြပေသည်။ ချင်မင်တစ်ယောက် ထူးဆန်းတဲ့ရောဂါကြီး စွဲကပ်နေသောကြောင့် လူများစွာက သူ့ကို အသက်ရှင်နိုင်တော့မည် မဟုတ်ဟု ထင်မှတ်ခဲ့ကြသည်။

သို့သော် သူသည် ယခုအချိန်အထိ တောင့်ခံနိုင်ခဲ့ပြီး သိသိသာသာကို သက်သာလာခဲ့ပြီ ဖြစ်၏။ တောင်ပေါ်ရှိ အမည်မသိ အန္တရာယ်ရှိသော အရာများကို တွေးမိလိုက်တိုင်း ယနေ့တိုင်အောင် သူ၏ ရင်ထဲတွင် ထိတ်လန့်နေဆဲပင်။

အိမ်အပြင်ဘက်ရှိ အမှောင်ထုသည် အပြောင်းအလဲ အချို့ ဖြစ်ပေါ်လာ၏။ ရေကြည်အနည်းငယ်ထဲသို့ မင်ရည်များ ကျဆင်းသွားပြီး အရောင်ဖျော့သွားသကဲ့သို့ မှောင်ရီပိုးတဝါးအချိန် ရောက်ရှိလာပြီ ဖြစ်သည်။ အတိအကျဆိုရသော် နေ့လယ်ခင်း ရောက်ရှိလာခြင်းပင် ဖြစ်လေသည်။

ယင်းမှာ သန်းခေါင်ယံ ထက် အနည်းငယ်သာ ပိုကောင်းသည့် အနေအထားဖြစ်ပြီး ကောင်းကင်နှင့် မြေကြီးကြား တစ်ခုလုံးသည် ညအမှောင်အောက်တွင်သာ ရှိနေဆဲဖြစ်ကာ ဝေးကွာလွန်းသော ရှုခင်းများကိုတော့ ရှင်းလင်းစွာ မမြင်ရချေ။

ခြံတံခါး ပွင့်သွားပြီး လုဓဲ့ ရောက်လာ၏။ တောင့်တင်းခိုင်မာသော ခန္ဓာကိုယ်ဖြင့် သူသည် ဂေါ်ပြားကို အသုံးပြုကာ နှင်းများကို ဘေးဘက်သို့ တူးထုတ်လိုက်ပြီး အိမ်တံခါးပေါက်ဆီသို့ သွားရာလမ်းတစ်လမ်းကို အမြန်ရှင်းလင်းပေးလိုက်သည်။

ချင်မင်သည် နှင်းများ ပိတ်ဆို့နေသော အိမ်တံခါးကို ဖွင့်ကာ အစ်ကိုလုဟုခေါ်လိုက်လေသည်။

လုဓဲ့သည် တောက်ပနေသော အဝတ်အိတ်တစ်အိတ်ကို ကိုင်ဆောင်ထား

ပြီး နှင်းတောထဲရှိ ကျောက်စည်ပိုင်းတစ်ခုထဲသို့ လောင်းချလိုက်၏။ အနီရောင် တောက်ပနေသော ကျောက်တုံးများ ကျဆင်းသွားပြီး ကြည်လင်သော အသံများ ထွက်ပေါ်လာကာ အလင်းရောင်များက ညဥ့်ယံကို ဖောက်ထွင်းသွားလေသည်။

၎င်းတို့မှာ နေမင်းကျောက်တုံး များပင် ဖြစ်သည်။ ထိုအမည်သည် ယခုခေတ်ကာလရှိ လူတို့၏ လှပသော မျှော်လင့်ချက်အချို့ကို ကိုယ်စားပြုနေပြီး ယခုအခါ ခြံဝင်းကို လင်းထိန်စေခဲ့လေပြီ။

"ချင်လေး မင်း ကြည့်ရတာ အတော်လေး သက်သာလာသလိုပဲ"

လုဖဲ့က အံ့သြစွာဖြင့် ပြောလိုက်သည်။

ချင်မင်သည် သူ့ကို အိမ်ထဲသို့ ဖိတ်ခေါ်လိုက်ပြီး သူ၏ အခြေအနေများကို အမှန်အတိုင်း ပြောပြလိုက်၏။ သူ မူးဝေမနေတော့ဘဲ တကယ်ပင် သက်သာလာပြီဟု ခန့်မှန်းရကြောင်း ပြောလိုက်လေသည်။

လုဖဲ့က ချင်မင်ကို အသက်ပြင်းကြောင်း တောင်ပေါ်မှ ထူးဆန်းတဲ့ ရောဂါကြီး ရလာတာတောင် အသက်ရှင်နေနိုင်တာ တကယ်ကို မလွယ်ကူကြောင်း ပြောလေသည်။ သူသည် အဝတ်အိတ်ထဲတွင် ကျန်နေသော တောက်ပသည့် ကျောက်တုံးများကို အခန်းထဲရှိ ကြေးဇလုံထဲသို့ လောင်းထည့်လိုက်ရာ ချက်ချင်းပင် အခန်းတစ်ခန်းလုံး လင်းထိန်သွားတော့သည်။

နေမင်းကျောက်တုံးများကို မီးစမ်းရေ မှ ရယူထားခြင်း ဖြစ်သည်။ အလင်းတန်းများ ထွက်ပေါ်နေသော်လည်း လူ့ခန္ဓာကိုယ်၏ အပူချိန်ထက် များစွာ နိမ့်ကျနေပေသည်။ နာရီအနည်းငယ်ကြာပြီးနောက် အလိုအလျောက် ငြိမ်းသွားမည်ဖြစ်ပြီး မီးစမ်းရေ သို့ ပြန်ပို့ကာ အပူရှိန် ပြန်လည်မွေးမြူရမည် ဖြစ်သည်။

"ရော့"

လုဇ့်က ထမင်းဘူးကို ကမ်းပေးလိုက်သည်။

ချင်မင်သည် ပြင်းထန်စွာ ဖျားနာနေခဲ့သည်မှာ တစ်လရှိပြီဖြစ်ပြီး လွန်ခဲ့သော ရက်အတော်ကြာကတည်းက စားနပ်ရိက္ခာများ ကုန်ခန်းနေခဲ့သည်။ လုဇ့်၏ ကူညီထောက်ပံ့မှုကိုသာ မှီခိုနေရ၏။

မကြာမီက ဇနီးမောင်နှံနှစ်ဦး၏ ငြင်းခုံသံများကို ကြားလိုက်ရပြီးနောက် ၎င်းတို့၏ အခြေအနေမှာလည်း သိပ်မကောင်းကြောင်း သိလိုက်ရသဖြင့် သူ၏ ရင်ထဲတွင် အပြစ်မကင်းသလို ခံစားရလေသည်။

"ပူတုန်းလေး မြန်မြန်စားလိုက်ဦး"

လုဇ့်သည် ရိုးသားသူတစ်ဦးဖြစ်ပြီး ကျေးဇူးသိတတ်သူလည်း ဖြစ်သည်။ ယခင်က သူသည် အဆုံးအစမဲ့ မှောင်မိုက်နေသော တောနက်ထဲတွင် လမ်းပျောက်နေခဲ့စဉ်က ချင်မင်က သူ၏ နာမည်ကို အခါခါ အော်ခေါ်ပြီး ပြန်လည်ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်၏။

အငွေ့တထောင်းထောင်း ထနေသော ပေါင်မုန့်ကြမ်းမည်းမည်းကို ကြည့်ရင်း ပြင်းထန်သော ဆာလောင်မှုကြောင့် ချင်မင်သည် တံတွေးများ မြိုချလိုက်မိသည်။

"ဘာလို့ ရပ်နေတာလဲ မင်း နေမကောင်းသေးဘူးလေ ဗိုက်ဆာခံနေရင် ပြန်ကောင်းလာမှာ မဟုတ်ဘူး အားနာနေတာလား"

လုဇ့်က ထမင်းဘူးကို သူ၏ လက်ထဲသို့ တိုက်ရိုက် ထည့်ပေးလိုက်သည်။

"အစ်ကိုလု"

နောက်ဆုံးတွင် ချင်မင်သည် ဟန်ဆောင်မနေတော့ဘဲ ပေါင်မုန့်တစ်ပိုင်းကို ဆွဲဖြဲလိုက်၏။ အထိအတွေ့က အလွန် ကြမ်းတမ်းနေသော်လည်း သူ

သည် အငမ်းမရ စားသောက်လိုက်ရာ ပါးစပ်တစ်ခုလုံး ချိုမြိန်သွားသကဲ့သို့ ခံစားလိုက်ရလေသည်။

"တစ်ခုခုရှိရင် ငါ့ကိုခေါ်လိုက်"

လုဇ့်က လှည့်ထွက်သွားသည်။

ဆာလောင်မှု ပြေပျောက်သွားပြီးနောက် ချင်မင်သည် ပိုမို လန်းဆန်းလာ၏။ ခန္ဓာကိုယ်၏ မသက်မသာ ဖြစ်မှုများလည်း ပျောက်ကွယ်သွားပြီး နာတာရှည်ရောဂါကြီး ပျောက်ကင်းသွားတော့မည်ကို သူ သေချာသွားလေသည်။

သူသည် အပြင်ထွက်၍ လေညင်းခံကာ လမ်းလျှောက်ရန် စဉ်းစားလိုက်သည်။ ခြံတံခါးကို ဖွင့်ကာ လမ်းပေါ်သို့ ရောက်လာ၏။ ရာသီဥတုက အလွန် အေးခဲနေပြီး အသက်ရှူလိုက်တိုင်း နှာခေါင်းနှင့် ပါးစပ်ကြားတွင် အဖြူရောင် မြူခိုးများ ပြည့်နှက်နေလေသည်။

မှောင်ရီပိုးတဝါးအချိန် ဆိုသည်မှာ ယခုခေတ်ကာလ၏ နေ့လယ်ခင်း ပင်ဖြစ်သည်။ အိမ်တိုင်းတွင် နေမင်းကျောက်တုံး၏ အလင်းရောင်များ စီးဆင်းနေပြီး လမ်းမများပေါ်တွင်လည်း ခပ်ဖျော့ဖျော့ အလင်းရောင်များ ရှိနေလေသည်။

"ချင်မင် မင်း နေကောင်းသွားပြီလား"

တစ်စုံတစ်ယောက်က သူ့ကို တွေ့သွား၏။

"ချင်လေး အဘွားကို ပြစမ်းပါဦး"

မြောက်ဘက်လမ်းမှ အဘွားကျိုးက သူ့ကို ဆွဲထားပြီး ဘယ်ညာ ကြည့်ရှုလိုက်ရာ ယခင်အကြိမ်ကထက် အသားအရည် ပိုကောင်းလာသည်ကို တွေ့လိုက်ရသည်။

ချင်မင်သည် ပြုံးရွှင်စွာ နူတ်ဆက်လိုက်ပြီး သူ၏ ခန္ဓာကိုယ် တကယ်ပင် ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း ၎င်းတို့ကို ပြောပြလိုက်လေသည်။

လမ်းဆုံတွင် လူသိပ်မရှိလှပေ။ အားလုံးက မယုံကြည်နိုင်သော အမူအရာများကို ပြသနေကြ၏။ ထူးဆန်းတဲ့ရောဂါကြီး စွဲကပ်နေတာတောင် ပျောက်ကင်းနိုင်သေးတာလား။

"ချင်လေး နေကောင်းလာရင်တောင် အပြင်ကို ထွက်ဖို့ မလောနဲ့ဦး အခု အပြင်ဘက်က အရမ်း အန္တရာယ်များတယ်"

အဘွားကျိုးက သတိပေးလိုက်ပြီး ရွာပြင်ဘက်ရှိ မင်ရည်များ ပက်ဖျန်းထားသကဲ့သို့ မှောင်မိုက်နေသော ကောင်းကင်နှင့် မြေကြီးကို ကြည့်လိုက်လေသည်။

အခြား အိမ်နီးချင်းများမှာလည်း စိုးရိမ်သောက မျက်နှာထားများ ရှိနေကြသည်။ ရာသီဥတု အခြေအနေ မကောင်းသဖြင့် ယခုအခါ အစားအစာ ပြတ်လပ်မှုက ပြဿနာကြီးတစ်ခု ဖြစ်နေပြီး ယခုအတိုင်း ဆက်သွားပါက လူတွေ ငတ်သေကုန်ကြပေလိမ့်မည်။

ယခင်က သဘောကောင်းပြီး ဖော်ရွေသော အဘွားကျိုး၏ မျက်နှာပေါ်တွင် ယခုအခါ သွေးဆင်းရောင် မရှိတော့သည်ကို ချင်မင် သတိပြုမိလိုက်၏။ သူမ၏ ခန္ဓာကိုယ်သည် အလွန် ပိန်လှီနေပြီး လေတိုက်လိုက်လျှင်ပင် လဲကျသွားတော့မည့်အလား ထင်မှတ်ရလေသည်။

အခြားသူများ ထွက်သွားပြီးနောက် အဘွားကျိုးသည် သူမ၏ အိတ်ကပ်ထဲမှ ကန်စွန်းဥခြောက် အနည်းငယ်ကို ဂရုတစိုက် ထုတ်ယူကာ ချင်မင်၏ လက်ထဲသို့ ထည့်ပေးလိုက်သည်။

ချင်မင်သည် အမြန်ပင် ပြန်တွန်းပေးလိုက်၏။ အဘွားအိုသည် ယခုမျှ

အသက်အရွယ် ကြီးရင့်နေပြီး သူမကိုယ်တိုင်ပင် ဆာလောင်နေသည့် ရုပ်သွင် ရှိနေရာ တစ်ဖက်လူ၏ နေ့စဉ်စားနပ်ရိက္ခာကို သူ မည်သို့ ယူရက်မည်နည်း။

အိမ်တိုင်းသည် မိမိတို့အိမ်အနီးရှိ လမ်းများကို ရှင်းလင်းထားကြသော်လည်း လုံးဝ စင်ကြယ်ခြင်း မရှိပေ။ နှင်းများ ကျန်ရှိနေသေးပြီး အပေါ်မှ နင်းလိုက်လျှင် ဂျွတ်ဂျွတ်မည်သော အသံများ ထွက်ပေါ်လာ၏။ ချင်မင်သည် အဖြူရောင် လေများကို ရှူထုတ်ရင်း ရှေ့သို့ လျှောက်သွားလေသည်။

ရွာထိပ်သို့ နီးကပ်လာသောအခါ သူ ရပ်တန့်လိုက်သည်။ အတော်အတန်ကြီးမားသော ခြံဝင်းတစ်ခုရှေ့တွင် ကောက်နယ်တလင်း အသေးစားလေးတစ်ခု ရှိနေ၏။

အရွယ်ရောက်ပြီးသူ တစ်ဦး၏ ပခုံးလောက်အထိ မြင့်မားသော တောင်ဆိတ်မည်းကြီး တစ်ကောင်သည် ကျောက်ကြိတ်ဆုံကို ဆွဲကာ ငွေရောင်အစေ့အဆန်များနှင့် တူသော မျိုးဗီဇပြောင်း ဂျုံများကို ကြိတ်ခွဲနေလေသည်။

လူတိုင်း အစားအစာ ပြတ်လပ်နေခြင်းတော့ မဟုတ်ပေ။ ရွာထိပ်ရှိ ထိုအိမ်၏ အခြေအနေကတော့ မဆိုးလှကြောင်း ထင်ရှားနေ၏။

ချင်မင်သည် တောင်ဆိတ်မည်းကို စူးစိုက်ကြည့်နေပြီး သူ၏ မျက်ဝန်းများက တောက်ပနေလေသည်။ ယခုအခါ ဝမ်းဝဖို့ပင် ပြဿနာ ဖြစ်နေရာ သူသည် အသားမစားရသည်မှာ ကြာပြီဖြစ်ပြီး တကယ်ကို အလွန် စားချင်နေမိပေသည်။

တောင်ဆိတ်မည်းကြီးသည် အတော်အတန် အရပ်မြင့်ပြီး ဦးချိုနှစ်ချောင်းမှာလည်း တုတ်ခိုင်နေ၏။ ကြည့်ရသည်မှာ အနည်းငယ် ကြမ်းကြုတ်မည့်ပုံ

ပေါ်သော်လည်း ချင်မင်၏ အကြည့်ကို ခံစားလိုက်ရသောအခါ ထိတ်လန့်သွားသကဲ့သို့ ထောင်နေသော အမြီးကြီးမှာ ချက်ချင်း ကျသွားလေတော့သည်။

"ချင်လေး နေကောင်းသွားပြီလား ဘေးအန္တရာယ်ကနေ မသေဘဲ လွတ်လာရင် နောင်မှာ ကံကောင်းတတ်တယ်"

တုတ်ခိုင်သော ခန္ဓာကိုယ်နှင့် မုတ်ဆိတ်မွေးများရှိသည့် လူလတ်ပိုင်းအမျိုးသားတစ်ဦးသည် ခြံတံခါးဝတွင် ရပ်နေ၏။ ချင်မင်က ကြိတ်ဆုံအောက်ရှိ မျိုးဗီဇပြောင်း ကောက်ပဲသီးနှံဖြစ်သော ငွေဂျုံများကို ကြည့်နေသည်ဟု သူ ထင်မှတ်သွားပြီး ဆက်ပြောလိုက်သည်။

"အိမ်မှာ လူများတော့ စားတာသောက်တာ မြန်တယ် ဒါလည်း ငါ့အိမ်မှာ နောက်ဆုံးကျန်တဲ့ ရိက္ခာတွေပဲ"

ချင်မင်က ပြုံးရင်း ပြောလိုက်၏။

"ဦးလေးယန်က တော်ပါတယ် ဒီလို အခြေအနေမျိုးမှာတောင် မိသားစုကြီး တစ်ခုလုံးကို ကောင်းကောင်း စောင့်ရှောက်နိုင်တယ်"

တစ်ဖက်လူတွင် ငွေဂျုံ တစ်အိတ်သာ ကျန်တော့သည်ဆိုသည်ကို သူ လုံးဝ မယုံကြည်ပေ။

သူသည် ယန်ယုံချင်ကို နှုတ်ဆက်ပြီးနောက် ရွာထိပ်သို့ ဆက်လျှောက်လာခဲ့သည်။ မီးစမ်းရေ သည် ရှေ့တွင် ရှိနေပြီး အနီးတစ်ဝိုက်ကို လင်းထိန်စေလေသည်။

ထိုနေရာတွင် ကျောက်တုံးများဖြင့် စီရီကာ ဝန်းရံထားပြီး ခြောက်ပေပတ်လည်ရှိသော ရေကန်တစ်ခုအဖြစ် ဖန်တီးထား၏။ ကျောက်တုံးတံတိုင်းသည် ဒူးခေါင်းအမြင့်ထက် မပိုဘဲ အတွင်းဘက်တွင် အနီရဲရဲ

အလင်းရောင်များ ရှိနေလေသည်။

ယခုလို နှင်းမုန်တိုင်းရာသီတွင် အတွင်းဘက်ရှိ မီးစမ်းရေသည် ခန်းခြောက်လုနီးပါး ဖြစ်နေပြီး တဝေါဝေါ စီးဆင်းမနေတော့သော်လည်း အလင်းတန်းများက ရစ်ပတ်နေဆဲပင် ဖြစ်သည်။

ကန်ထဲတွင် သစ်ပင်နှစ်ပင် ရှိနေပြီး ယင်းမှာ သစ်ပင်နှစ်ပင်ရွာဟူသော အမည်၏ မူလအစပင် ဖြစ်သည်။ သစ်ပင်တစ်ပင်၏ အရွက်များသည် မည်းနက်နေပြီး အခြားတစ်ပင်၏ အရွက်များမှာမူ နှင်းကဲ့သို့ ဖြူဖွေး နေကာ ဆောင်းရာသီတွင်ပင် ကြွေကျခြင်း မရှိပေ။

***